## နိုတြီပဗ္ဗလစ်ရှေ့နေ၏ လက်မှတ်မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံချက်နှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အများပြည်သူထံ အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံသားများ ပြည်ပတွင်အသုံးပြုရန် ဘွဲ့လက်မှတ်များ၊ အောင်လက်မှတ်များ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ လက်ထပ်စာချုပ်၊ ယာဥ်မောင်းလိုင်စင်၊ ကျမ်းကျိန်လွှာ အစရှိသည့်စာရွက်စာတမ်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး က ခန့်အပ်ထားသည့် နိုတြီပဗ္ဗလစ်ရှေ့နေမှ အင်္ဂလိပ်ဘာသာဖြင့် တရားဝင်ပြန်ဆိုချက် အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယင်းနိုတြီပဗ္ဗလစ်ရှေ့နေ၏လက်မှတ် မှန်ကန်ကြောင်းကို ထပ်ဆင့်ထောက်ခံ ပေးခြင်းနှင့်ပတ်သက်၍ အများပြည်သူများ လွယ်လင့်တကူ သိရှိနိုင်စေရန် နှင့် ကိုယ်ကျိုးရှာ အမြတ်ထုတ်လိုသူများ၏ ပယောဂမှ ကင်းဝေးနိုင်စေရန် နိုင်ငံခြားရေးဝန်ကြီး ဌာနတွင် နိုတြီထောက်ခံချက်ပြုလုပ်ရာ၌ အောက်ဖော်ပြပါ စာရွက်စာတမ်းများ မပျက်မကွက် ယူဆောင်လာရပါမည်-

(က) နိုတြီဘာသာပြန်ဆိုထားသည့်စာရွက်စာတမ်း(မူရင်း)
(ခ) နိုတြီပြုလုပ်လိုသောစာရွက်စာတမ်း၏မူရင်း (မူရင်း+မိတ္တူ)
(ဂ) နိုတြီတစ်စောင်လျှင် ကျပ်(၅၀၀၀)နှုန်းဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ငွေစာရင်း သို့ ပေးသွင်းထားသည့်ဘဏ်ချလံ (မူရင်း)
(ဃ) နိုင်ငံသားစိစစ်ရေးကဒ်ပြား(သို့မဟုတ်) သက်သေခံကဒ်ပြား(မူရင်း)
(င) အိမ်ထောင်စုစာရင်း (မူရင်း)

၂။ နိုတြီထောက်ခံချက်ပြုလုပ်လိုသူများအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော် သို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆောင်ရွက်ရပါမည်။ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်မလာရောက်နိုင်ပါက အိမ်ထောင်စုစာရင်းဝင်တစ်ဦးဦးမှ ကိုယ်စားလာရောက် ဆောင်ရွက်နိုင်ပါသည်။ (နိုင်ငံသားစိစစ်ရေးကဒ်ပြား(မူရင်း) ယူဆောင်လာရပါမည်။ ကိုယ်စား လာရောက်ဆောင်ရွက်ပါက နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့် အိမ်ထောင်စုစာရင်း (မူရင်း) တို့ အား မပျက်မကွက်ယူဆောင်လာရပါမည်။)

၃။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုတြီထောက်ခံချက်များကို စာရွက်စာတမ်းပြည့်စုံ မှန်ကန်မှုရှိပါက နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုတြီတစ်စောင်အတွက် နိုင်ငံခြား ရေးဝန်ကြီးဌာန၏ငွေစာရင်းသို့ ကျပ်(၅၀၀၀)ပေးသွင်းရန်နှင့် နိုတြီ(၃)စောင်အတွက် လျှောက် ထားနိုင်သော လျှောက်လွှာပုံစံ(၁)စောင်လျှင် ကျပ်(၅၀၀) ကုန်ကျရန်မှအပ အခြားမည်သည့် အခကြေးငွေမျှ ပေးဆောင်ရန်မရှိ(မရှိ)ပါ။

၄။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ ခန့်အပ်ထားသည့် နိုတြီပဗ္ဗလစ်ရှေ့နေ စုစု ပေါင်း (၈၁)ဦးရှိပြီး ယင်းစာရင်းတွင်မပါရှိသော ရှေ့နေများ၏ လက်မှတ်၊ တံဆိပ်တုံးများကို ထပ်ဆင့် ထောက်ခံပေးခြင်းမပြုပါ။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုတြီပဗ္ဗလစ်ရှေ့နေမှ အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုထားသည့်စာရွက်စာတမ်းများကိုသာ ထပ်ဆင့်ထောက်ခံပေးမည် ဖြစ်ပြီး မြန်မာဘာသာအပါအဝင် အခြားမည်သည့်ဘာသာဖြင့် ရေးသားထားသည့် စာရွက် စာတမ်းကိုမျှ ထောက်ခံပေးမည်မဟုတ်ပါ။

၅။ ကျမ်းကျိန်လွှာနိုတြီစာရွက်စာတမ်း ပြုလုပ်သူများအနေဖြင့် တရားရုံးမှ ခန့်အပ်ထားရှိသည့် ကျမ်းကျိန်သူအရာရှိများမှသာ လက်မှတ်ရေးထိုးဆောင်ရွက်သည့် နိုတြီစာရွက်စာတမ်းများကို ထပ်ဆင့်ထောက်ခံပေးပါသည်။

၆။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ထပ်ဆင့်ထောက်ခံချက်ဆောင်ရွက်ပေးမည်မဟုတ်ပါ-

(က) အပျို/လူပျို ဖြစ်ကြောင်း စာရွက်စာတမ်းများ၊

(ခ) မြန်မာနိုင်ငံသားကလေးများအား နိုင်ငံခြားသားများမှ အမွေစားအမွေခံ (ကိတ္တိမ) အဖြစ် မွေးစားခြင်းများ၊

(ဂ) ပြည်ပမှရရှိထားသော အောင်လက်မှတ်များ၊ ဘွဲ့လက်မှတ်များ၊

(ဃ) ကိုယ်တိုင်ပြုစုထားသော ကိုယ်ရေးရာဇဝင် (CV) ကဲ့သို့သော စာရွက်စာတမ်းများ၊

(င) ကိုယ်ပိုင်အသေးစားလုပ်ငန်းများ (အပ်ချုပ်လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း၊ ကုန်စုံဆိုင်လုပ်ငန်း) အစရှိသည့် အလုပ်အကိုင်ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊

(စ) သက်တမ်းကုန်ဆုံးနေသော စာရွက်စာတမ်းများ၊

(ဆ) တရားမဝင်သော စာချုပ်စာတမ်းများ၊

(ဇ) နိုတြီရှေ့နေ၏ ထောက်ခံချက်သက်တမ်း (၆)လကျော်လွန်နေသည့် စာရွက်စာတမ်းများ

၇။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နိုတြီထောက်ခံချက်ရယူရာ၌ အဆင်ပြေချောမွေ့စေရန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနရှိ နိုတြီဌာနစိတ်နှင့်သာ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်သွားပါရန် အကြံပြုတိုက်တွန်းအပ်ပါသည်။ အကယ်၍ စာရွက်စာတမ်းများ မမှန်မကန်ပြုလုပ်ထားမှုများ (သို့မဟုတ်) အတုအပပြုလုပ်ထားမှုများအား စိစစ်တွေ့ရှိရပါက နိုတြီထောက်ခံချက်အား ဆောင်ရွက်ပေးမည် မဟုတ်သည့်အပြင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၈။ နိုတြီပဗ္ဗလစ်ရှေ့နေ၏ လက်မှတ်မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံချက် ထုတ်ပေးခြင်းကိစ္စကို နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန (ရုံးအမှတ်-၉) နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးရုံး (နောက်ချန်) တို့တွင် ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် (၀၉:၀၀) နာရီမှ (၁၂:၀၀) နာရီအထိ လက်ခံဆောင်ရွက်လျက်ရှိပြီး ထောက်ခံချက် ရိုက်နှိပ်ပြီးသောစာရွက်စာတမ်းများကို ညနေ (၁၅:၃၀)တွင် ပြန်လည်ထုတ်ပေးလျက်ရှိပါသည်။ နိုတြီတစ်စောင်လျှင် ကျပ်(၅၀၀) နှုန်းဖြင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ငွေစာရင်းအမှတ်၊ အမ်ဒီ ၀၀၁၁၃၃ သို့လည်းကောင်း၊ ရန်ကုန်မြို့တွင် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၅)ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ငွေစာရင်း အမှတ် အမ်ဒီ ၀၁၀၂၀၆ သို့လည်းကောင်းပေးသွင်း ရမည်ဖြစ်ပါသည်။

**ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ